# ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT**

**Project No: H814-MM and IDA Credit no: 56870**

## လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ
## ၂၀၂၁ခုနှစ်  ဇူလိုင်လမှ  စက်တင်ဘာလ  အထိ

**(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ  ၁၄  ရက်)**

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

## မာတိကာ


စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ

| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၅-၈ |
| ၂။ | အစီရင်ခံစာထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ | ၈ |
| ၃။ | သင်တန်းပို့ချမှု အခြေအနေ | ၈ |
| ၄။ | စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၈-၉ |
| ၅။ | အခြေခံအဆောက်အဦနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၁၀-၁၁ |
| ၆။ | ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၁၁ |
| ၇။ | ဝေဖန်အကြံပြုတိုင်ကြားချက်များ လက်ခံရရှိမှု အခြေအနေ | ၁၁-၁၂ |
| ၈။ | ကျားမရေးရာနှင့်လူမှုများဆိုင်ရာများ | ၁၂-၁၃ |
| ၉။ | ဘဏ္ဍာရေး(ချေးငွေထုတ်ပေးမှုအခြေအနေ) | ၁၃ |
| ၁၀။ | ဝယ်ယူရေးအခြေအနေ | ၁၃-၁၆ |
| ၁၁။ | သတင်းပြန်ကြားဆက်သွယ်ရေး | ၁၆ |
| ၁၂။ | ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ | ၁၇ |
| ၁၃။ | အသိပညာနှင့် လေ့လာသင်ယူခြင်း | ၁၇ |
| ၁၄။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၁၉ |
| ၁၅။ | အခက်အခဲနှင့် စိန်ခေါ်မှုများ | ၁၉-၂၀ |
| ၁၆။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ် | ၂၀-၂၁ |
| ၁၇။ | လူထုဗဟိုပြုစီမံကိန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်(မူကြမ်း) | ၂၁ |
| ၁၈။ | ရန်ပုံငွေ | ၂၁ |
| ၁၉။ | ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားနှင့်အသုံးစရိတ် | ၂၂-၂၃ |
| ၂၀။ | စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ | ၂၄-၂၉ |
| ၂၁။ | နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် | ၂၉-၃၀ |
| ၂၀။ | ပြည်ထောင်စုအဆင့် စီမံကိန်းဝန်ထမ်း စီမံခန့်ခွဲမှု အစီအစဉ် | ၃၀-၃၁ |

၂၁။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံကိန်း ဝန်ထမ်း စီမံခန့်ခွဲမှုအစီအစဉ် ၃၁
၂၂။ ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော အခက်အခဲ ၃၁-၃၆
၂၂။ အထောက်အပံ့လိုအပ်ချက်များ ၃၆
၂၃။ ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ ၃၇

**စာရင်းဇယားများ၊ ကိန်းဂဏာန်းအချက်အလက်ဖော်ပြမှုများ**

ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၀-၉-၂၀၂၁) အထိ ကဏ္ဍအလိုက် ခွဲဝေမှု ပြဇယား

ဇယား ၂: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၃: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှု များ၏ အခြေအနေ

ဇယား ၄: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက် ခွဲခြားတင်ပြမှု

ဇယား ၅: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၆: သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှု များ၏ အခြေအနေတင်ပြမှု

ဇယား ၇: သဘာဝအလျောက် မြေယာလှူဒါန်းခြင်း

ဇယား ၈: ၃၀-၉-၂၀၂၁ထိ အသုံးစရိတ်စုစုပေါင်း

ဇယား ၉: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ဆဋ္ဌမနှစ်)

ဇယား ၁၀: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(သတ္တမနှစ်)

## အစီရင်ခံစာ အကျဉ်းချုပ်တင်ပြချက်

## စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ မှ စက်တင်ဘာလ ၃၀ ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများဖြစ်ပါသည်။ အစီရင်ခံစာတွင်

**(က)** ရလဒ် မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည် ဖော်ဆောင်ခြင်း တိုးတက်မှု

**(ခ)** အကောင် အထည်ဖော်ဆောင်ရန် အခက်အခဲများနှင့် ဘေးအန္တရာယ်များ

**(ဂ)** ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလအထိ လာမည့် ၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိက အချက်များ ပါဝင်ပါသည်။

၂။ ဆဋ္ဌမနှစ် စီမံကိန်း(၅၄)မြို့နယ်နှင့် သတ္တမနှစ်စီမံကိန်း(၃၈)မြို့နယ်စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက် နေသည့် မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ် ပါသည်-

### ဆဋ္ဌမနှစ် မြို့နယ် ၅၄ မြို့နယ်

**(က)** **VDP** သတ်မှတ်ချက် ၁၀၃၂၀ ရှိသည့်အနက် ၁၀၂၀၈ခု ပြီးစီး၍ ၉၈.၉၁**%** ပြီးစီး ခဲ့ပါသည်။

**(ခ)** စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၈၆၅ ခု ရှိသည့်အနက် ၈၈၆၅ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၁၀၀**%** ပြီးစီးခဲ့ပါသည်။

**(ဂ)** စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၈၈၆၅ခု ရှိသည့် အနက် ၈၈၃၅ ခု ပြီးစီး၍ ၉၉.၆၆ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၈၃၅ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၉၉.၆၆ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၈၆၉၁ ခုအား အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၈၆၉၀ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

### သတ္တမနှစ် မြို့နယ် ၃၈ မြို့နယ်

**(က)** **VDP** သတ်မှတ်ချက် ၆၅၂၆ခု ရှိသည့်အနက် ၆၄၅၀ခု ပြီးစီး၍ ၉၈.၈၄% ပြီးစီး ခဲ့ပါသည်။

**(ခ)** စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၁၄၁ခု ရှိသည့်အနက် ၅၁၄၁ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

**(ဂ)** စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၅၁၄၁ ခု ရှိသည့် အနက် ၄၉၁၈ ခု ပြီးစီး၍ ၉၅.၆၆% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၄၉၁၈ ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသောကြောင့် ၉၅.၆၆% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၄၇၉၂ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၄၆၂၇ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

၃။ ဆဋ္ဌမနှစ်တွင် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၈၈၆၅ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၈၆၉၁ခု ပြီးစီး၍ ၈၆၉၀ခု လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ သတ္တမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၁၄၁ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၄၇၉၂ခု ပြီးစီး၍ ၄၆၂၇ခု လူထု စစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ဆဋ္ဌမနှစ်နှင့် သတ္တမနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းခွဲအား **ဇယား**(**၁**) ဖြင့် ဖော်ပြထားပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁**-** လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား **(၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ (**လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်**)** တည်ဆောက်မှုများသည် ၅၄.၃% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၂ % ၊ လူထု အထောက်အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဋ္ဌမနှစ် စီမံကိန်းအတွင်း ၁၀.၃ % ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၇.၆ % ၊ လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဖြူးမှု ၁၂.၁ % တခြား ၄.၂ % နှင့် ကျန်းမာရေး ၀.၃ % ဆောင်ရွက်လျက်ရှိပါသည်။

၅။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား **(၁) -** လမ်းပန်းဆက်သွယ်ရေးကဏ္ဍ **(** လမ်းများ၊ တံတားများ၊ သင်္ဘောဆိပ်ခံ တံတား စသည်**)** တည်ဆောက်မှုများသည် ၅၃.၁၇% ထိတိုးတက်လာပါသည်။ ပညာရေး ၁၀.၂ % ၊ လူထု အထောက်အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် သတ္တမနှစ် စီမံကိန်းအတွင်း ၉.၉% ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၆.၇ % ၊ လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဖြူးမှု ၁၄.၁ % တခြား ၅.၇ % နှင့် ကျန်းမာရေး ၀.၃ % ဆောင်ရွက်လျက်ရှိပါသည်။

## NCDDP   စီမံကိန်း နှစ်အလိုက် အကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၀-၉-၂၀၂၁)

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/ ၁၄ | ဒုတိယ နှစ် ၂၀၁၄/ ၁၅ | တတိ ယ နှစ် ၂၁၁၅/ ၁၆ | စတုတ္ထ နှစ် ၂၀၁၆/ ၁၇ | ပဉ္စမနှစ် ၂၀၁၇/၁၈ | | ဆဌမနှစ် ၂၀၁၈/၁၉ | | သတ္တမနှစ် ၂၀၁၉/၂၀ | | စုစုပေါင်း (ပ-သတ္တမ) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ဟောင်း ၆၁ | | | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | ၃၈ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၅၇ | ၂,၆၃၅ | | ၂,၃၅၂ | | ၁,၄၉၅ | | ၂,၆၉၁ |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁,၉၆၇ | | ၁၀,၄၉၇ | | ၆,၇၂၄ | | ၁၂,၂၈၃ |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂,၆၀၆ | | ၂,၂၉၀ | ၉၈.၉၂ | ၁,၄၀၁ | ၉၆.၁ | ၂,၆၆၂ |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂,၆၀၃၆ | | ၂၂၅၅ | ၉၈.၅ | ၁,၃၉၈ | ၉၉.၇၈ | |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၅၆ | ၁၀.၂၃ | ၃၄.၇၅ | ၆၆.၁၁ | ၉၀.၃၇ | | ၁၀၁.၁၉ | | ၆၇.၃၁ | | ၃၇၁.၅၂ |
| VDP ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁,၅၂၄ | | ၁၀,၂၀၈ | | ၆,၄၅၀ | | ၄၃,၇၇၆ |
| TPIC အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၈၃ | | ၈,၈၆၅ | | ၅,၁၄၁ | | ၃၇,၆၇၀ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၈၃ | | ၈,၈၆၅ | | ၅,၁၄၁ | | ၃၇,၆၇၀ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | | | | |
| ၀ % | | | | | ၀ | ၀ | ၀ | ၀ | ၈၉ | ၁.၇၃ | ၈၉ |
| ၁%၅၀- | | | | | ၀ | ၀ | ၉ | ၀.၁၀ | ၅၃ | ၁.၀၃ | ၆၂ |
| ၅၁%၇၅- | | | | | ၀ | ၀ | ၆ | ၀.၀၆ | ၄၃ | ၀.၈၃ | ၄၉ |
| ၇၆%၉၀- | | | | | ၀ | ၀ | ၁၅ | ၀.၁၆ | ၃၈ | ၀.၇၃ | ၅၃ |
| ၁၀၀% | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၈၃ | ၁၀၀ | ၈,၈၃၅ | ၉၉.၆၆ | ၄,၉၁၈ | ၉၅.၆၆ | ၃၇,၁၈၇ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၈၃ | ၁၀၀ | ၈,၆၉၁ | ၉၈.၀၃ | ၄,၇၉၂ | ၉၃.၂၁ | ၃၇,၁၄၇ |
| Social Audits ပြီးစီးမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇၆၈၂ | ၉၀၇၅ | ၁၀၀ | ၈,၆၉၀ | ၉၈.၀၂ | ၄,၆၂၇ | ၉၀.၈၇ | ၃၆,၉၇၃ |
| မြို့နယ်အဆင့် MSRs ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၆၀ | | ၅၃ | | | | ၁၉၈ |
| Union အဆင့် MSRs ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | | ၁ | | | | ၆ |

၆။ ယခုသုံးလပတ်အတွင်း ဆဌမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၈၈၆၅)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၈၆၉၀)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၇။ ယခုသုံးလပတ်အတွင်း သတ္တမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၅၁၄၁)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၄၆၂၇)ခု အတွက် လူထုစစ်

ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

**အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ**

၈။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အောက်ပါအတိုင်း အကျဉ်း ချုပ် တင်ပြအပ်ပါသည်-

**(က)** Tablet(၂)လုံး မှန်ကွဲ၊ ဆိုင်ကယ်(125cc)(၁)စီး အင်ဂျင်အုံ ကွဲခြင်း၊ (၆)စီး ဘက်မှန် ကွဲခြင်းနှင့် (၄၅)လုံးမှာ ဦးထုပ်ကွဲခြင်း။ (ပူတာအို၊ ပြည်နယ်ရုံးသို့ တင်ပြထားပြီး)

**(ခ)** Tablet(၂)လုံး မှန်ကွဲခြင်း၊ (၁)လုံး မကောင်းခြင်း၊ (၉)လုံးပျက်စီးခြင်း၊ (၁)လုံး ပျောက်ဆုံးခြင်း (ပေးလျော်ပြီး)၊ (သဲကုန်း၊ ရုံးချုပ်သို့ တင်ပြထားပြီး ဖြစ်ပါသည်။)

(ဂ) ဘဏ်မှ ငွေထုတ်ယူသည့်အခက်အခဲရှိခြင်း။(သဲကုန်း၊ ပုဏ္ဏားကျွန်းနှင့် ဂွ၊ ရုံးချုပ်သို့ တင်ပြထားပြီး ဖြစ်ပါသည်။)

**သင်တန်းပို့ချမှု အခြေအနေ**

**(က) ပြည်ထောင်စုအဆင့် သင်တန်း။** ယခုသုံးလပတ်အတွင်း ပြည်ထောင်စုအဆင့်မှ သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။

**( ခ) မြို့နယ်အဆင့် သင်တန်း။** သုံးလပတ်အတွင်း မြို့နယ်များနှင့် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

**( ဂ) ကျေးရွာအဆင့် သင်တန်း။** သုံးလပတ်အတွင်း ကျေးရွာအဆင့် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

**(ဃ) 40 K/15 K သင်တန်းများ။** ယခု သုံးလပတ်အတွင်း 40 K / 15 K သင်တန်းများ ပို့ချနိုင်ခဲ့ခြင်းမရှိပါ။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

၉။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော မြို့နယ်များနှင့် လိုအပ်သည်များ ကို ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း ပြီးစီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ် အစီရင် ခံစာများ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ အဌမနှစ် စီမကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ်(၄)မြို့နယ်၏ အချက်အလက်များ ဖြည့်သွင်း နိုင်ရန်အတွက် မြို့နယ်များမှ ပေးပို့လာသော စက်များအား **MIS Software** ထည့်သွင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အပတ်စဉ် မြို့နယ်များ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများအား လစဉ်ပုံမှန် စစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

၁၀။ ဤ ကာလအတွင်းတွင် **GIS/MIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS/MIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီ ပံ့ပိုးပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မီ ပေးပို့ခြင်း မရှိကြပါသည်။

## စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း

| သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
| --- | --- |
| <u>**MIS**</u><br>• သတ္တမနှစ် စီမံကိန်း လုပ်ငန်း ပြီးစီး၍ ကျန်ရှိသော မြို့နယ်များမှ M&E/MIS စနစ်သို့ အချက်အလက် ဖြည့်သွင်း ထားသည်များကို ကြီးကြပ်/စစ်ဆေး ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပါသည်။<br>• စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ် အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။<br>• အပတ်စဉ် လုပ်ငန်းတိုးတက်မှုများ စစ်ဆေးပြီး လစဉ် အစီရင်ခံစာများ ပြုစုတင်ပြခဲ့ပါသည်။<br>• အဌမနှစ် စီမကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ်(၄)မြို့နယ်၏ အချက်အလက်များ ဖြည့်သွင်းနိုင်ရန်အတွက် မြို့နယ်များမှ ပေးပို့လာသော စက်များအား MIS Software ထည့်သွင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ | <u>**MIS**</u><br>• စီမံကိန်းဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်များအား M&E/ MIS Sectionအနေဖြင့် Online စနစ်ဖြင့် Refresner Training ပို့ချ ဆောင်ရွက်မည်ဖြစ်ပါသည်။<br>• အဌမနှစ် စီမကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို၊ ရွှေကျင်၊ မောက်မယ်၊ မိုင်းခတ်၊ ပုဏ္ဏားကျွန်းနှင့် ဂွ ) မြို့နယ် (၉) မြို့နယ်အား Video Conferencing ဖြင့် သင်တန်းပို့ချ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။<br>• စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ်အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။<br>• သတင်းအချက်အလက်များ၊ တိုးတက်မှုများ အချိန်မီ ရရှိစေရန် မြို့နယ်၊ ပြည်နယ်/တိုင်းများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| <u>**GIS**</u><br>မြို့နယ်များနှင့် ချိတ်ဆက်ပြီး **MIS**အချိန်နှင့် တပြေး ညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက်အကြား ကွာဟချက်များအားလုံး အချိန်နှင့်တပြေးညီ စိစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။<br><u>**အစီရင်ခံခြင်း**</u><br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီး ဖြစ်ပါသည်။ | <u>**GIS**</u><br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

## ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း

၁၁။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စီမံကိန်းမြို့နယ် (၁၁) မြို့နယ်ရှိ လုပ်ငန်း ခွဲပေါင်း (၁၃) ခု ထိခိုက်ပျက်စီးခဲ့ပြီး ထောက်ပံ့ငွေဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်သည့် မြို့နယ် (၅) မြို့နယ်ရှိ လုပ်ငန်းခွဲပေါင်း (၇)ခု မှာ (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျန်ရှိ လုပ်ငန်းခွဲများမှာလည်း ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထဆောင်ရွက်မှုဖြင့် (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။

၁၂။ Conflict area များဖြစ်သောမြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### (က) လှိုင်းဘွဲ့မြို့နယ်

လှိုင်းဘွဲ့မြို့နယ်တွင် Conflict area ရှိ ကျေးရွာအုပ်စု (၄) အုပ်စု၊ ကျေးရွာ (၂၆)ရွာမှာ တိုင်းရင်း သားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်သော်လည်း လက်ရှိမြေပြင်အခြေအနေ အရ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

### (ခ) ကြာအင်းဆိပ်ကြီးမြို့နယ်

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နယ်မြေအခြေအနေအရကျန်ရှိသော ကျေးရွာအုပ်စု(၃) အုပ်စု၊ ကျေးရွာ (၂၉) ရွာ၊ လုပ်ငန်းခွဲ(၁၇)ခုမှာ (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။

### (ဂ) ဖားဆောင်းမြို့နယ်

ဖားဆောင်းမြို့နယ်တွင် ပထမနှစ်စက်ဝန်းမှ ယနေ့အချိန်အထိ ကျေးရွာ အုပ်စု (၅) အုပ်စု၊ ကျေးရွာ(၄၀)မှာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခွင့်ရပြီး လုပ်ငန်းခွဲများ စတင် ဆောင်ရွက်ခွင့် ရရှိခဲ့သော်လည်း လက်ရှိမြေပြင်အခြေအနေအရ ဆက်လက်ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

### (ဃ) ကျောက်ကြီးမြို့နယ်

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၉)အုပ်စု၊ ကျေးရွာ (၁၇) ရွာ ကျန်ရှိပါသည်။ (ရွာတည်စဉ်က မြေရာကိစ္စ Issue များအတွက် KNU မှ ဆိုင်းငံ့ထားခြင်း)

### (င) ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၁)အုပ်စု၊ ကျေးရွာ(၉)ရွာ ကျန်ရှိ ပါသည်။ ယခုအခါ ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာ(၁၂)ရွာအား KNUမှ ဆိုင်းငံ့ထားပါသည်။ (KNU ၎င်းတို့၏ Deep control Area များတွင် ရှိခြင်း)

**(စ) ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်သည် ဒုတိယနှစ်စက်ဝန်းတွင် နယ်မြေအေးချမ်းသော ကျေးရွာအုပ်စု **(၅၈)**အုပ်စု၊ စီမံကိန်းလုပ်ငန်းခွဲပေါင်း**(၁၁၅)**ခု ဆောင်ရွက်လျက်ရှိရာ (၄၃)ခုမှာ (၁၀၀%) ဆောင်ရွက် ပြီးဖြစ်၍ ကျန်ရှိ သော လုပ်ငန်းခွဲများမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

**(ဆ) ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်သည် ကျေးရွာအုပ်စု**(၉၄)**အုပ်စု၊ စီမံကိန်းလုပ်ငန်းခွဲ ပေါင်း**(၃၂၇)**ခု ဆောင် ရွက်လျက်ရှိရာ **(၂၉၉)** ခုမှာ**(၁၀၀%)** ဆောင်ရွက် ပြီးဖြစ်ပြီးကျန်ရှိသည့် လုပ်ငန်းခွဲများအား နယ်မြေ လုံခြုံရေးပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။ နယ်မြေအခြေအနေအရကျန်ရှိခဲ့သော ကျေးရွာ အုပ်စု**(၈)**အုပ်စု၊ ကျေးရွာ**(၂၁)**ရွာ၊ လုပ်ငန်းခွဲ(၃၂)ခု ဆောင်ရွက်လျက်ရှိရာ (၂၈)ခုမှာ (၁၀၀**%**) ဆောင် ရွက်ပြီးဖြစ်၍ ကျန်ရှိသော လုပ်ငန်းခွဲများမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

## ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၁၃။ ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ Year-6(၆၂၇)ခုနှင့် Year-7(၃၁၀)ခုတို့ ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား **ဇယား(၈)**ဖြင့်ဖော်ပြထားပါသည်။

## ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ

၁၄။ ၂၀၂၁ ခုနှစ် တတိယသုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၁၃ ခု လက်ခံရရှိပြီး အကြံပြုစာ ၁၃ စောင် (၁၀၀%) သည် **"core grievances" (**စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံး လုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း) များဖြစ်သည်။ **(၃၀-၉-၂၀၂၁)** ရက်နေ့အထိ ၁၃(၁၀၀ % **)**ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ **(**ဇယား- ၈,၉**)** ၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၃၀၀၅၅ စောင် လက်ခံရရှိ ပြီး ၃၀၀၅၅ **(**၁၀၀ %**)** ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

## သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

၁၅။ ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၄**(**၄၆**%)** စောင်၊ မြို့နယ်အဆင့်တွင်၇**(**၅၄**%)**စောင် လက်ခံရရှိခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၉**(**၆၉**%)**စောင်၊ အမျိုးသမီးများမှ ၄**(**၃၁**%)**နှင့် ကျား**/**မ မဖော်ပြထားသော

ဝေဖန်အကြံပြုစာစောင် ၆(၄၆%) စောင် လက်ခံရရှိ ခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၁၈(၃၆%)စောင်၊ လူကိုယ်တိုင် ၃(၂၃%)စောင်၊ တယ်လီဖုန်းဖြင့် ၄(၃၀%)စောင် လက်ခံရရှိခဲ့ပါသည်။ ဝေဖန် အကြံပြု တိုင်ကြားစာ ၁၃ (၁၀၀%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြား စာများ ဖြစ်သည်။

**ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ**

၁၆။ ယခု သုံးလပတ်အတွင်း တုန့်ပြန်မှုပျမ်းမျှကြာချိန်သည် အကြံပြုချက်အမျိုးအစားအတွက် ၂ ရက်မှ ၅ ရက်ဖြစ်ပြီး၊ ကျေးဇူးတင်ခြင်းအတွက် ၄ ရက်၊ စီမံကိန်းမူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက် အကြောင်းအရာများအား အထွေထွေစုံစမ်းမေးမြန်းမှုအတွက် ၁ ရက် ပျမ်းမျှ ဖြေရှင်း အကြောင်း ပြန်နိုင်ခဲ့ပြီး သုံးလပတ်အတွင်း လက်ခံရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာအား လုံးကို ဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ပါသည်။

**ကျားမရေးရာနှင့်လူမှုဆိုင်ရာများ**

၁၇။ ရွှေကူမြို့နယ်မှ ဝယ်ယူရေးဥက္ကဌ ဒေါ်တင်တင်စန်းမှ “ယခင်နှစ်မှ စီမံကိန်းထဲစတင် ဝင်ရောက်ခဲ့သော်လည်း ယခုနှစ်စက်ဝန်း ဈေးနှုန်းစုံစမ်းမှုများဆောင်ရွက်ရာတွင် အမျိုးသားများနှင့် တန်းတူပါဝင်ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် လုပ်သားများငှားရမ်းခြင်း ကိစ္စတို့တွင်လည်း တက်ကြွစွာ ပါဝင်ဆွေးနွေးခြင်း၊ အမျိုးသားများနှင့် အတူလက်တွဲ လုပ်ဆောင်လာနိုင်ခြင်း တို့ပြု လုပ်လာနိုင်ပါကြောင်း” တွေ့ရှိရပါသည်။

၁၈။ မိုးကောင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း၏(၄)နှစ်တာကာလအတွင်း အမျိုးသား /အမျိုး သမီး တန်းတူထည့်သွင်းလုပ်ဆောင်မှုကြောင့် အမျိုးသမီးများ အများကြီး ပြောင်းလဲလာခဲ့ပြီး အဖွဲ့ အစည်းများကလည်း အမျိုးသမီးများ၏ လိုအပ်ချက်များကို ဦးစားပေးစဉ်းစားပေးခြင်း၊ ဆွေးနွေး ခွင့်များပေးခြင်းတို့ကြောင့် အမျိုးသမီးများ စကားပြောရဲဆိုရဲရှိလာသည်ကို တွေ့ရပါသည်။

၁၉။ လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်သည့်ချိန်မှစ၍ စီမံကိန်းဝန်ထမ်းများမှ ကျားမရေးရာ ကဏ္ဍအား သင်တန်းပို့ချခြင်း ရှင်းပြဆွေးနွေးပေးခြင်းများကြောင့် ကျေးရွာအတွင်း အမျိုးသမီးများ အား နေရာပေးလာသည်ကို တွေ့မြင်ရပါသည်။

၂၀။ ရွှေကူမြို့နယ် ၊ ကျေးရွာစီ/ထောက်ဥက္ကဌ ဒေါ်ညိုညိုကျော်မှ “ယခုနှစ်စက်ဝန်းတွင် ကျွန်မ အနေနှင့် ဝယ်ယူရေး၊ ဘဏ္ဍာရေးကဏ္ဍပေါင်းစုံလုပ်ဆောင် ရသည့်အတွက် ယခင်နှစ်စက်ဝန်းများ ထက်ပိုပြီး မသိရှိသည်များ သိရှိလာခြင်း၊ ကျွန်မမိသားစု၏ အိမ်မှုကိစ္စများတွင် လုပ်ဆောင်မှုများ လစ်ဟာ လျက်ရှိသော်လည်း ကျွန်မအမျိုးသားမှ ကူညီအားပေးပြီး ထောက်ပံ့မှုများရသည့်အတွက် လုပ်ငန်းတွင် လုပ်ဆောင်မှုများ အဆင်ပြေလာကြောင်း” ပြောကြားခဲ့ပါသည်။

၂၁။ ရွာတွင်းလမ်း သဲကျောက်လမ်းခင်းခြင်းလုပ်ငန်းလုပ်ဆောင်ရာတွင် Covid-19 ကြောင့် ဝင်ငွေ ရရှိရန် ခက်ခဲသည့်အချိန်တွင် စီမံကိန်းမရပ်နားဘဲ ဆက်ဆောင်ရွက်သည့်အတွက် ဝင်ငွေရရှိကာ မိသားစု စားဝတ်နေရေးအဆင်ပြေခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၂။ မဘိမ်းမြို့နယ်၊ သားပျောက်ကျေးရွာတွင် လိုအပ်သည့် ကျောက်ကြီးစီ မြေထိန်းနံရံ ပြုလုပ်ခြင်း လုပ်ငန်းအတွက် ကျေးရွာမှာရှိသည့် အမျိုးသမီး / အမျိုးသား အားလုံးပါဝင်လာ သောကြောင့် အမျိုးသားများနှင့်နည်းတူ အမျိုးသမီးများလည်း စွမ်းဆောင်လာနိုင်ပြီး စည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာသည်ကို တွေ့ရှိရပါသည်။

၂၃။ လုပ်ငန်းဒီဇိုင်းအကြောင်းများ ပိုမိုသိလာခြင်း ၊ ပစ္စည်းအရည်အသွေး ကောင်း/မကောင်း ကြည့်ရှု တတ်ခြင်း၊ကျေးရွာလူထုများမှ အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်”ဟု ပြောကြားခဲ့ပါသည်။

၂၄။ ယခင်ကဆိုလျှင် အမျိုးသမီးအများစုက အိမ်မှုကိစ္စနှင့်ဘဲအချိန်ကုန်တာ များပါတယ်။ စီမံကိန်းဝင်ပြီး နောက်ပိုင်းမှာတော့ အမျိုးသမီးများက အမျိုးသားနှင့် ရင်ဘောင်တန်း အလုပ်လုပ်လာနိုင်ကြပြီး ကျား/မရေးရာ ဗဟုသုတများလည်း ယခင်ကထက်ပို၍ ကြွယ်ဝလာကြောင်း တွေ့ရပါသည်။

## လူထုစည်းရုံးမှုများထံမှ ရရှိသော အကြံပြုချက်များ

၂၅။ ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအခြေအနေများကြောင့် သင်တန်းများ ပို့ချခြင်းမပြုလုပ်နိုင်သည့်အတွက် ကျားမရေးရာနှင့် ပတ်သက်၍ ကျေးရွာရှိအများပြည်သူပိုမိုသိရှိနိုင်ရန် လက်ကမ်းစာစောင်များကို ပိုမို ဖြန့်ဝေ ပေးစေလိုပါသည်။ ကျား/မရေးရာနှင့် ပတ်သက်သော ဗွီဒီယိုများ၊ သင်တန်းများအား အကြိမ်များများပို့ချ ပေးနိုင်လျှင် ပို၍အသိအမြင်များ ကျယ်ပြန့် လာလိမ့်မည် ဖြစ်ပါသည်။

## ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)

၂၆။ ယခုသုံးလပတ်အတွင်း ရန်ပုံငွေလွှဲပြောင်းဆောင်ရွက်ခြင်း မရှိပါ။ ယခုနှစ်အတွက် ဘတ်ဂျတ်အား ပြန်လည်ပြင်ဆင်ခြင်း မရှိပါ။ မူလခွင့်ပြုထားသော စုစုပေါင်း Budget မှာ မြန်မာငွေကျပ် (၆၅,၄၄၆,၉၁၆,၀၀၀/-)ဖြစ်ပါသည်။

## အီတလီ Soft Loan

၂၇။ သုံးလပတ်အတွင်း အီတလီရန်ပုံငွေမှ ငွေပေးချေလွှဲအပ်ခြင်း မရှိပါ။

## စာရင်းစစ်ဆေးခြင်း

၂၈။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လူထုဗဟိုပြုစီမံကိန်းအတွက် စာရင်းစစ်အစီရင်ခံစာ မူကြမ်းအား (Eng)ဘာသာပြန်ဆိုခြင်းနှင့်ပတ်သက်၍ မှတ်ချက်များနှင့် အကြံပြုချက်များ တောင်းခံရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ကမ္ဘာ့ဘဏ်သို့လည်း ပေးပို့ခဲ့ပါသည်။

## ဝယ်ယူရေး အခြေအနေ

၂၉။ ပဉ္စမနှစ် (၁၆) မြို့နယ်ရှိ အကြံပေးအဖွဲ့များနှင့် ဆဋ္ဌမနှစ် (၁၃) မြို့နယ်အနက် အကြံပေးအဖွဲ့(၇)ဖွဲ့နှင့် ချုပ်ဆိုထားသော စာချုပ်များအား လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ငွေပေးချေနိုင်ရန်

စိစစ်ဆောင်ရွက်လျှက် ရှိပါသည်။ ပြည်ထောင်စုအဆင့် တစ်ဦးချင်း Interpreter (၁) ဦးနှင့် Project Accountant (၁) ဦးအား ဇူလိုင်လတွင် စာချုပ်သက်တမ်းတိုးချုပ်ဆိုဆောင်ရွက်ပြီး ဖြစ်ပါသည်။ စီမံကိန်းပြီးဆုံးသွားသည့် မြို့နယ်များရှိ ခွဲဝေချထားခဲ့ပြီး ရုံးပုံသေပိုင်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်အပ်နှံခြင်း၊ ပြုပြင်ခြင်း၊ ခွဲဝေချထားခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျှက် ရှိပါသည်။

## ဝယ်ယူရေးအစီအစဉ်

၃၀။ အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးကွပ်ကဲမှုအောက်ရှိ ခရိုင်နှင့် မြို့နယ်များမှ ပြန်လည်အပ်နှံမည့် မော်တော်ဆိုင်ကယ်နှင့် ရုံးသုံးပရိဘောဂများအား ရန်ကုန်တိုင်းဒေသကြီးမှ ဗိုလ်တစ်ထောင်သန်လျက်စွန်းတွင် သိမ်းဆည်းလက်ခံပေးထားရန် (၉-၇-၂၀၂၁) ရက်နေ့ စာအမှတ်၊ ၅၄၃/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ခ) စီမံကိန်းမြို့နယ်များသို့ ခွဲဝေချထားသည့် မော်တော်ဆိုင်ကယ်များ အနက်မှ လိုအပ်လျက်ရှိသည့် Wheel Tax နှင့် မှတ်ပုံတင်စာအုပ်များအား ပေးပို့နိုင်ရန်(၉-၇-၂၀၂၁) ရက်နေ့ စာအမှတ်၊၅၄၄/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဂ) တောင်သာမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ထုတ်ယူရန်ကျန်ရှိသည့် မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်၍ (၁၂-၇-၂၀၂၁) ရက်နေ့ စာအမှတ်၅၄၆/ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဃ) ပဲခူးတိုင်းဒေသကြီးကွပ်ကဲမှုအောက်ရှိ မြို့နယ်များသို့ စီမံကိန်း လုပ်ငန်းသုံး ပစ္စည်းများ ခွဲဝေခွင့်နှင့် မော်တော်ဆိုင်ကယ်များ ပြန်လည် အပ်နှံမှုနှင့်ပတ်သက်၍ (၁၄-၇-၂၀၂၁) ရက်နေ့ စာအမှတ်၅၅၄/ ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(င) စစ်ကိုင်းတိုင်းဒေသကြီး ကွက်ကဲမှုအောက်ရှိ ကနီမြို့နယ် လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းသုံး Huawei Tablet (၁)လုံး ပျောက်ဆုံးမှု နှင့် ပတ်သက်၍ (၂၁-၆-၂၀၂၁) ရက်နေ့ စာအမှတ်/၄၈၆/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းသုံး Huawei Tablet (၄)လုံး မှန်ကွဲပျက်စီးမှုအား နေပြည်တော်သို့ ပို့ဆောင်ပြီး ပြင်ဆင်မှုကုန်ကျစရိတ်အား စီမံကိန်းမှကျခံသုံးစွဲ၍ ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်း (၆-၁၀-၂၀၂၁)ရက်နေ့တွင် ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်သို့ ပေးပို့ထားပြီး ဖြစ်ပါသည်။

(စ) G-166 Project Information Board များအား သက်ဆိုင်ရာစီမံကိန်းမြို့နယ်များသို့ ပေးပို့ပြီး ဖြစ်ပါသဖြင့် စာချုပ်တန်ဘိုး၏ (၁၀%)အား (၂၅-၈-၂၀၂၁) ရက်နေ့တွင် ပေးချေပြီး ဖြစ်ပါသည်။

(ဆ) G-161 Replacement Batteries for Tablets (၄၀၀)လုံးအား ပေးပို့ပြီး ဖြစ်ပါသဖြင့် စာချုပ်တန်ဘိုး၏ (၁၀၀%)အား (၂၄-၈-၂၀၂၁) ရက်နေ့တွင် ပေးချေပြီး ဖြစ်ပါသည်။

(ဇ) G-168 Vinyl Posters များအား သက်ဆိုင်ရာစီမံကိန်းမြို့နယ်များသို့ ပေးပို့ပြီး ဖြစ်ပါသဖြင့် စာချုပ်တန်ဘိုး၏ (၁၀%)အား (၂၄-၈-၂၀၂၁) ရက်နေ့တွင် ပေးချေပြီး ဖြစ်ပါသည်။

(ဈ) G-152 Office Furniture များအား ခန္တီးမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ ပေးပို့ပြီးဖြစ်ပါသဖြင့် စာချုပ်တန်ဘိုး၏ (၁၀%)အား (၂၄-၈-၂၀၂၁) ရက်နေ့တွင် ပေးချေပြီး ဖြစ်ပါသည်။

(ည) ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းသုံး Laptop ASUS i7 အမျိုးအစား (S/N H2MXCV04A )Hard Disk လဲလှယ်ပြင်ဆင်ခွင့်အား(၁၃-၉-၂၀၂၁) ရက်နေ့တွင် ပြင်ဆင်ခွင့်ပြုကြောင်း e-mail ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဋ) ဆော၊ ထီးလင်း၊ ပေါက်စီမံကိန်းမြို့နယ်များမှ လုပ်ငန်းသုံးမော်တော်ဆိုင်ကယ်များ လိုင်စင်သက်တမ်းတိုးခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် (၁၅-၉-၂၀၂၁)ရက်စွဲပါ စာအမှတ်၊ ၄၁၂ ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဌ) ဓနုဖြူမြို့နယ်လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံး Canon Printer MF-230 ပြင်ဆင်ခွင့်ပြုရန် တင်ပြလာခြင်းအပေါ် (၁၅-၉-၂၀၂၁) ရက်နေ့တွင် ပြင်ဆင်ခွင့်ပြုကြောင်း e-mail ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဍ) ကြာအင်းဆိပ်ကြီးမြို့နယ်မှ ပုံသေပိုင်ပစ္စည်းများခွဲဝေမှုနှင့်ပတ်သက်၍ ခွင့်ပြုကြောင်းကို (၁၅-၉-၂၀၂၁)ရက်စွဲပါ စာအမှတ်၊ ၄၁၃ ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဎ) ရှမ်းပြည်နယ်(တောင်ပိုင်း) လူထုဗဟိုပြုစီမံကိန်းရုံးအတွက် ခွဲဝေချထားပေးသည့် T Home အမျိုးအစား Water Cooler (၁)လုံးပြင်ဆင်ခွင့်ပြုရန် တင်ပြလာခြင်းအပေါ် (၂၂-၉-၂၀၂၁) ရက်နေ့တွင် ပြင်ဆင်ခွင့်ပြုကြောင်း e-mail ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။ မော်တော်ယာဉ် အမှတ် (4Q/5074)၏ ကားတာယာ အသစ် လဲလှယ်ခြင်းနှင့် အလိုင်းမင်း ချိန်ခြင်းတို့ ပြုလုပ်ခဲ့ခြင်းအတွက် ကုန်ကျစရိတ် ထုတ်ယူခွင့်ပြုပါရန်နှင့် TVS 110 မော်တော်ဆိုင်ကယ်(၉)စီး လိုင်စင်သက်တမ်း တိုးခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် (၂၂-၉-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၄၂၉ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဏ) မင်းတပ်မြို့နယ်မှ မော်တော်ဆိုင်ကယ် (၂)စီး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အကြောင်းကြားခြင်း (၂၂-၉-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၄၃၂ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(တ) မတူပီမြို့နယ်မှ ပုံသေပိုင်ပစ္စည်းများ ခွဲဝေမှုနှင့်ပတ်သက်၍ (၂၂-၉-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၄၃၁ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ထ) ရှမ်းပြည်နယ် (မြောက်ပိုင်း) လူထုဗဟိုပြုစီမံကိန်းရုံးရှိ စီမံကိန်းသုံး မော်တော်ယာဉ် အမှတ်(4Q/5067) ကားတာယာများ အသစ်လဲလှယ်ခြင်း နှင့် အလိုင်းမင်းချိန်ခြင်း တို့အတွက် ငွေထုတ်ယူခွင့်ပြုပါရန် တင်ပြခြင်းလာခြင်းအပေါ် (၂၃-၉-၂၀၂၁)ရက်နေ့တွင် စာအမှတ် ၄၃၅ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဒ) အင်္ဂပူမြို့နယ်လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းသုံးမော်တော်ယာဉ် အမှတ် (3J/3314) အား ပြင်ဆင်ခွင့်ပြုပါ ရန်တင်ပြလာခြင်းအပေါ် (၂၃-၉-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၄၃၆ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဓ) အင်္ဂပူမြို့နယ်နှင့် ဓနုဖြူမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးများတွင် CCTV Camera တပ်ဆင်ခွင့်ပြုပါ ရန်တင်ပြလာခြင်းအပေါ် (၂၄-၉-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၄၄၂ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(န) လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ စီမံကိန်းမြို့နယ်များမှ တင်ပြလာသည့် စာရင်းများအား စိစစ်ပြီး ဖြစ်ပြီး လိုအပ်သည်များအား ပြန်လည် တင်ပြရန် (၂၄-၉-၂၀၂၁)ရက်နေ့ စာအမှတ်၊၄၄၃ ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ပ) မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြု စီမံကိန်းရုံး အတွက် ခွဲဝေရရှိခဲ့သော TVS (110 CC) (6) စီး မော်တော် ဆိုင်ကယ် သက်တမ်း တိုးခြင်းနှင့် Wheel tax အသစ်လဲခြင်း (၁) စီးအား ဆောင်ရွက်ရန် တင်ပြလာခြင်း အပေါ် (၂၄-၉-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၄၄၄ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြား ပြီး ဖြစ်ပါသည်။

**သတင်းပြန်ကြားဆက်သွယ်ရေး**

၃၀။ စီမံကိန်းသတင်းများကို လူမှုမီဒီယာနှင့်ဝက်ဘ်ဆိုက်ဒ်၊ မီဒီယာများတွင် သတင်းထုတ်ပြန်ခြင်း နှင့် စီမံကိန်းမြို့နယ်များ၏ လုပ်ငန်းအား စောင့်ကြည့်ကြီးကြပ်ခြင်းများ ဆောင်ရွက်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

၃၁။ စီမံကိန်းစက်ဝန်းတတိယနှစ်သို့ ရောက်ရှိလာသော မြို့နယ်(၁၆)မှာ VDP စာအုပ်များကို Upload ပြုလုပ်နေပြီး (၁၀၀%) တင်ပြီးသော မြို့နယ် (၁၄) မြို့နယ်ရှိပါသည်။

**မြို့နယ်(၁၆)မြို့နယ်၏ VDPစာအုပ်များWebsiteတွင် တင်ထားမှုအခြေအနေ**

| No | Township | VDP Total | upload on website (Y-7) | % of VDP upload | Remarks |
|---|---|---|---|---|---|
| 1 | Mabein | 57 | 57 | 100% | |
| 2 | Maukmai | 105 | 104 | 100% | |
| 3 | Momgkhet | 148 | 148 | 100% | |
| 4 | Tongzang | 93 | 93 | 100% | |
| 5 | Putao | 113 | 113 | 100% | |
| 6 | Shwegu | 86 | 88 | 100% | |
| 7 | Kawtkareik | 258 | 258 | 100% | |
| 8 | Hlaingbwe | 402 | 402 | 100% | |
| 9 | Kyunhla | 114 | 114 | 100% | |
| 10 | Kani | 201 | 200 | 100% | |
| 11 | Thegon | 308 | 308 | 100% | |
| 12 | Shwegyin | 103 | 73 | 70% | |
| 13 | Ponnagyun | 194 | 0 | 0% | |
| 14 | Gwa | 166 | 167 | 100% | |
| 15 | Ingapu | 643 | 644 | 100% | |
| 16 | Danubyu | 457 | 456 | 100% | |

**အသိပညာနှင့် လေ့လာသင်ယူခြင်း**

| | **သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု** | **ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင် ချက်များ** |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ဆဋ္ဌမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၈၈၆၅ အနက် ၈၆၉၀ (၉၈.၀၂%) ပြီးစီးခဲ့ပါသည်။<br>• ကာလအဆုံး၌ သတ္တမနှစ်မြို့နယ်၃၈ မြို့နယ် အတွက် လူထုစစ်ဆေး ၅၁၄၁ | • ကျန်ရှိသည့် လူထုစစ်ဆေးပွဲ များအား လာမည့် သုံးလပတ်အတွင်း အပြီးသတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။ |

| | | |
|---|---|---|
| | အနက် ၄၆၂၇ (၉၀.၀၀%) ပြီးစီးခဲ့ ပါသည်။ | |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ (MSR) နှင့် စီမံကိန်း လက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား **Covid-19** ရောဂါကြောင့် မြို့နယ်အဆင့် သုံးသပ် ဆွေးနွေးပွဲများ ကျင်းပပြုလုပ် နိုင်ခြင်း မရှိပါ။ | • စီမံကိန်းမြို့နယ်အရေအတွက် များပြား လာခြင်းနှင့် **Covid-19** ကာလဖြစ်သော ကြောင့် **UMSR** ဆွေးနွေးပွဲ ကျင်းပနိုင်ရန် စီမံခန့်ခွဲမှု နည်းလမ်းအသစ်များ ဖန်တီးရပါမည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်းဆဋ္ဌမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း **(၁၀၃၂၀)** ခု အနက် (၁၀၂၀၈) ပြီး မြောက်သည့် အတွက်၉၈.၉၁**%**ပြီးမြောက်ခဲ့ပါသည်။<br><br>• သတ္တမနှစ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစု ပေါင်း **(၆၅၂၆)** ခု အနက် (၆၄၅၀) ပြီး မြောက်သည့်အတွက် ၉၈.၈၄**%** ပြီး မြောက် ခဲ့ပါသည်။ | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆက်လက် လုပ်ဆောင်သွား ပါမည်။ |

**စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း**

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | • အဋ္ဌမနှစ် စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်(တွန်းခုံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ် (၄)မြို့နယ်မှ MIS Software ထည့်သွင်းပြီး မြို့နယ်များသို့ ပြန်လည်ပေးပို့ ဆောင်ရွက်ခဲ့ပါသည်။<br>• ပြည်နယ်/တိုင်းဒေသကြီးနှင့် စီမံကိန်း မြို့နယ်(၁၆) မြို့နယ်အား Onlilne စနစ်ဖြင့်ဩဂုတ်လအတွင်း လုပ်ငန်းညှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်းခန့်ထားမှု အခြေအနေမှာ ၃၀/၉/၂၀၂၁ ထိ အောက်တွင်ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။<br>- တိုင်းဒေသကြီးရုံးများ- ဇယား ၆ | ဆက်လက်ဆောင်ရွက်ချက် - ၁) ပြည်ထောင်စုအဆင့် **M&E/MIS** ဌာနမှ မြို့နယ်(၉) မြို့နယ်အား **Video Confrecing**စနစ်ဖြင့် **M&E/MIS** သင်တန်း ပို့ချသွားမည်ဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှုအခြေ အနေအချို့သော ခွင်းချက်နှင့်အတူ အဆိုပါ မြို့နယ် များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကိုကောင်းစွာ အကောင် အထည်ဖော် လုပ်ဆောင်ကြရမည်။ |

## အခက်အခဲနှင့် စိန်ခေါ်မှုများ

### စောင့်ကြည့်ကြီးကြပ်ရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေး

၃၂။ COVID-19ကာလအတွင်းဖြစ်သောကြောင့် သင်တန်းများပို့ချရာတွင် Video Comfrecing စနစ်ဖြင့် ပို့ချရသောကြောင့် ထိရောက်မှု အားနည်းသည်။ COVID-19ကာလဖြစ်သောကြောင့် မြို့နယ်မှ တာဝန်ရှိ ဝန်ထမ်းများ ကျေးရွာများသို့ ကွင်းဆင်းရာတွင် အနည်းငယ် ခက်ခဲသောကြောင့် အချက်အလက်များ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ မြို့နယ်များတွင် ဝန်ထမ်းများ ပြောင်းရွှေ့ခြင်း/ လစ်လပ်သွားသောကြောင့် အချက်အလက်များ တောင်းခံရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါသည်။

## ကျားမရေးရာနှင့်လူမှုဆိုင်ရာများအခက်အခဲများ

၃၃။ ကိုဗစ် - ၁၉ ဖြစ်ပွားမှုကြောင့် ကျေးရွာသူ/သားများနှင့် ဆွေးနွေးရန် အချိန်မရရှိခြင်း၊ တွေ့ဆုံရန် ခက်ခဲခြင်း စသည့် အခက်အခဲများ တွေ့ကြုံနေရပါသည်။ ကိုဗစ် - ၁၉ ကြောင့် စီမံကိန်းလုပ်ငန်းများ ပစ္စည်းရရှိမှု ခက်ခဲခြင်း ၊ တုတ်ကွေးရောဂါများ ကျေးရွာများတွင် ဖြစ်ပွားနေခြင်း ၊ ကော်မတီဝင်များ ကျန်းမာရေးချို့တဲ့ခြင်း ၊ ယခုနှစ်၌ မိုးများ၍ စီမံကိန်းလုပ်ငန်းခွဲများ နှောင့်နှေးကြန့်ကြာရခြင်း ၊ မြစ်ရေ နှင့် ချောင်းရေများ ရေလျှံ၍ စီမံကိန်း လုပ်ငန်းများ ခရီးမတွင်ဖြစ်ခြင်း ၊ မိုးများ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလာသောကြောင့် စီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ အချိန်မှီ မရောက် ရှိခြင်း ၊ ဆက်သွယ်ရေး ဖုန်းလိုင်းများ ပိုဆိုးလာ၍ ကျေးရွာများသို့ ဆက်သွယ်ရပိုခက်ခဲလာခြင်းတို့ တွေ့ကြုံရပါသည်။

# နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်

## စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

၃၄။ နောက်သုံးလပတ်တွင် ဆောင်ရွက်မည့် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အဋ္ဌမနှစ် စီမကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ်(၄)မြို့နယ်၏ အချက်အလက်များ ဖြည့်သွင်း နိုင်ရန် အတွက် မြို့နယ်များမှ ပေးပို့လာသော စက်များအား **MIS Software** ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ်အစီရင်ခံစာများ စစ်ဆေးဆောင် ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) သတင်းအချက်အလက်များ၊ တိုးတက်မှုများ အချိန်မီ ရရှိစေရန် မြို့နယ်၊ ပြည်နယ်/တိုင်းများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင် ရွက်သွားမည် ဖြစ်ပါ သည်။

## ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ

၃၅။ Union GHM အဖွဲ့သည် M&E/MIS system ထဲမှ ဝေဖန်အကြံပြုအချက်အလက်များအား ပြန်လည်စီစစ်နေပါသည်။

## ဝယ်ယူရေးအစီအစဉ်

၃၆။ ပဥ္စမနှစ် (၁၆) မြို့နယ်ရှိ အကြံပေးအဖွဲ့များနှင့် ဆဋ္ဌမနှစ် (၁၃) မြို့နယ်အနက် အကြံပေး အဖွဲ့(၇)ဖွဲ့နှင့် ချုပ်ဆိုထားသော စာချုပ်များအား လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ငွေပေးချေနိုင်ရန် ဆက်လက် စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းပြီးဆုံးသွားသည့် မြို့နယ်များရှိ ခွဲဝေချ ထားခဲ့ပြီး ရုံးပုံသေပိုင်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်အပ်နှံခြင်း၊ ပြုပြင်ခြင်း၊

ခွဲဝေချထားခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းသုံး မော်တော်ဆိုင်ကယ်များ လိုင်စင်သက်တမ်းတိုးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဘဏ္ဍာရေးအစီအစဉ်**

(က) တောင်းဆို အဆိုပြုထားသော လက်ကျန် ထောက်ပံ့ငွေများ ခွဲဝေပေးခြင်း၊

( ခ) ဘဏ္ဍာရေးစစ်ဆေးနိုင်ရန် ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ခုနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းအား ပြင်ဆင်ခြင်း၊

(ဂ) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ သုံးလပတ် (အောက်တိုဘာ-ဒီဇင်ဘာ)အတွက် အစီရင်ခံစာ အား ၁၅-ဖေဖော်ဝါရီလ-၂၀၂၂ မတိုင်မီ တင်သွင်းရန်၊

**သတင်းပြန်ကြားဆက်သွယ်ရေးအစီအစဉ်**

(က) စီမံကိန်းမြို့နယ်များသို့ စောင့်ကြည့်လေ့လာရန်၊

( ခ) စီမံကိန်းမြို့နယ်များသို့မီဒီယာစောင့်ကြည့်လေ့လာမှုပြုလုပ်ရန်၊

## လူထုဗဟိုပြုစီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံချက်(မူကြမ်း)

၃၇။ လူထုဗဟိုပြုစီမံကိန်း (NCDDP)ကို မြေပြင်အခြေအနေ၊ လက်ရှိအခြေအနေအရ ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ဆဲစီမံကိန်း (၁၆) မြို့နယ်၏ စီမံကိန်းလုပ်ငန်းခွဲများအား ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေနှင့် စီမံကိန်းလည်ပတ်နိုင်ရန် သုံးစွဲနိုင်သော ရန်ပုံငွေ လက်ကျန် (ဘဏ်လက်ကျန်)ပေါ်မူတည်၍ ပထမအကြိမ် လူထုဗဟိုပြုစီမံကိန်းဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံချက်ကို ရေးဆွဲခဲ့ပြီး ဖြစ်ပါသည်။

၃၈။ (၁၃-၈-၂၀၂၁)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည့် လူထုဗဟိုပြုစီမံကိန်း အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီမံကိန်းမြို့နယ်များမှ ပြန်လည်တင်ပြလာသည့် လက်ရှိမြေပြင်အခြေအနေပေါ်မူတည်ပြီး စီမံချက်ကို ပြုပြင်ရေးဆွဲခြင်း ဖြစ်ပါသည်။

၃၉။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ် လူထုဗဟိုပြုစီမံကိန်း (NCDDP)မှ ထောက်ပံ့ရန်ပုံငွေ လွှဲပို့ထားပြီးဖြစ်သော စီမံကိန်း(၁၆)မြို့နယ်၏ လက်ရှိမြေပြင်အခြေအနေအရ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Covid-19 ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေဆိုးရွားလာခြင်း၊ နယ်မြေလုံခြုံမှုအခြေအနေနှင့် မြန်မာ့စီးပွားရေးဘဏ်မှ ငွေထုတ်ယူမှုကန့်သတ်ချက် စသည့် အခြေအနေတို့ ပေါ်မူတည်၍ စီမံကိန်းကိုအကျိုးရှိ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ စီမံကိန်းမြို့နယ်များ၏ လိုအပ်ချက်များကို တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် လူထုဗဟိုပြုစီမံကိန်းတို့မှ အချိန်နှင့်တပြေးညီ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။

## ရန်ပုံငွေ

၄၀။ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း (၈၀)၊ ချေးငွေ အမေရိကန်ဒေါ်လာ သန်း(၄၀၀)၊ အီတလီ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ(၃.၁)သန်း၊ အီတလီ ချေးငွေ အမေရိကန်ဒေါ်လာ(၂၃.၃)သန်း၊ DFID ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ (၃)သန်းနှင့် နိုင်ငံတော်ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ (၃၀)သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ (၅၃၉.၄) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့အထိ သုံးစွဲပြီးငွေမှာ အမေရိကန်ဒေါ်လာ(၄၅၀.၇၀၄)သန်းဖြစ်ပြီး သုံးစွဲရန် ကျန်ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ (၈၈.၆၉၆)သန်း ဖြစ်ပါသည်။

၄၁။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ မေလကုန်အထိ စီမံကိန်းတခုလုံး၏ အသုံးစရိတ် အမျိုးအစားအလိုက် သုံးစွဲပြီးငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထောက်ပံ့ငွေ (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အပိုင်း(က)လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေများ | ၃၇၄,၃၈၅.၀၅ | ၆၂% |
| ၂။ | အပိုင်း(ခ) ကူညီထောက်ပံ့ခြင်းနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး | ၁၀၅,၀၄၂.၂၃ | ၁၇% |
